## မင်္ဂလင်ကျောင်းတိုက်မှသံဃာတော်များ ဖယ်ရှားပေးရန် အာဏာပိုင်များ အမိန့်ပေး

၂၇ နိုဝင်ဘာ ၂၀၀၇

မကြာသေးခင်က သံဃာတော်တွေဦးဆောင်တဲ့ ဆန္ဒပြပွဲတွေအတွင်း အာဏာပိုင်တွေ ဝင်ရောက်စီးနင်းပြီး ဖမ်းဆီးမှုတွေပြုလုပ်တာကို ခံခဲ့ရတဲ့ ဘုန်းတော်ကြီးကျောင်းတခုဖြစ်တဲ့ ရန်ကုန်မြို့က မင်္ဂလင်ကျောင်းတိုက်ကို အာဏာပိုင်တွေက ဖိအားပေးမှုတွေ လုပ်ဆောင်နေရာမှာ ဒီကနေ့မှာတော့ ကျောင်းကိုပိတ်ပင်ဖို့အထိ အမိန့်ပေးခဲ့တယ်လို့ သိရပါတယ်။ အကြောင်းစုံကို ကိုအောင်လွင်ဦးက စုံစမ်းတင်ပြထားပါတယ်။

စက်တင်ဘာမှာဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေနဲ့ဆက်စပ်ပြီး သံဃာတော်နဲ့ အရပ်သားတွေပါ ဖမ်းဆီးခံခဲ့ရတဲ့ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းက မင်္ဂလင်ကျောင်းကို အာဏာပိုင်တွေက အခုနောက်ဆုံး ကျောင်းကနေ သံဃာတော်တွေ ထွက်ပေးဖို့ လာရောက်ပြောဆိုသွားတာပါ။ အခုအချိန်အထိ ရန်ကုန် အင်းစိန်ထောင်ထဲမှာ ဖမ်းဆီးခံနေရဆဲဖြစ်တဲ့ မင်္ဂလင်ဆရာတော် ဦးဣန္ဒြိယရဲ့ဖခင် လောလောဆယ် ကျောင်းထိုင်နေတဲ့ သက်တော် ၈၀ ကျော် ဆရာတော် ဦးဃေတု ကို အခုလိုလာရောက်လျှောက်ထားခဲ့တဲ့ အကြောင်းကိုတော့ ဆရာတော်နဲ့ နီးစပ်သူတဦးက အခုလို ပြောပြပါတယ်။

> "သဃ်္ဃန်းကျွန်း ကျိုက္ကဆံအနောက်ရပ်ကွက်ရယကဥက္ကဋ္ဌရယ်၊ သာသနာရေးကရယ်၊ အထူးရဲ တပ်ဖွဲ့ကရယ် လာပြီးတော့ ဆရာတော်ကြီးကို လာလျှောက်ကြတယ်။ ဘုန်းကြီးတွေရဲ့ပစ္စည်းတွေရွှေ့ပေးဖို့၊ ကိုယ့်ဒေသကိုယ်ပြန်ဖို့ဆိုပြီး လာပြောတယ်။ နီးစပ်ရာကျောင်းကိုလည်း ရွှေ့ပေးပါလို့ လာလျှောက်တယ်"

သံဃာတော်တွေဦးဆောင်တဲ့ ဆန္ဒပြပွဲတွေနဲ့ ဆက်စပ်ပတ်သက်ပြီး အာဏာပိုင်တွေက စောစောပိုင်းမှာ ကျောင်းထိုင်ဆရာတော် အပါအဝင် သံဃာတော် ၄ ပါးနဲ့ ကျောင်းမှာ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေကို အကူအညီပေးနေသူ အရပ်သား ၄ ယောက်ကို ဖမ်းဆီးသွားခဲ့တာပါ။ နောက်ပိုင်းမှာတော့ လက်ရှိဆရာတော် ဦးဃေတု အပါအဝင် သံဃာတော် ၂ ပါးနဲ့ လူ ၂ ယောက်ကို ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒီလိုလွှတ်ပေးလိုက်ပေမယ့်လည်း မင်္ဂလင်ကျောင်းရဲ့ လှုပ်ရှားမှုတွေကို အာဏာပိုင်တွေဘက်က ဆက်လက်စောင့်ကြည့်မှုတွေ ရှိနေခဲ့တာပါ။ ပြီးခဲ့တဲ့စနေနေ့က မင်္ဂလင်ကျောင်းမှာပြုလုပ်တဲ့ ကထိန်အခမ်းအနားမှာဆိုရင်လည်း အာဏာပိုင်တွေက စောင့်ကြည့်စစ်ဆေးမှုတွေရှိခဲ့ပြီး အခုလို နောက်ဆုံး ကျောင်းကသံဃာတွေကို ဖယ်ရှားခိုင်းတဲ့အထိ ဖြစ်လာခဲ့တာပါ။ ဒီလိုဖယ်ရှားခိုင်းရာမှာ အာဏာပိုင်တွေဘက်က တစုံတရာ အကျိုးအကြောင်းပြောဆိုတာမျိုး မရှိဘူးလို့လည်း ဆရာတော်နဲ့နီးစပ်သူက ပြောပါတယ်။

> "ကျနော်တို့သိရသလောက် ဘာအကြောင်းပြချက်မှ မပြောဘူး။ ကထိန်ခင်းလို့လား၊ ဘာလုပ်လို့လဲဆိုတဲ့ ဘာအကြောင်းပြချက်မှ ပြောဆိုတာမရှိပါဘူး"

ဒီလို အာဏာပိုင်တွေဘက်က ကျောင်းကနေဖယ်ရှားပေးဖို့ ပြောဆိုထားပေမယ့်လည်း ဆရာတော် အပါအဝင် ကျောင်းမှာရှိတဲ့ သံဃာတွေကတော့ ထွက်မပေးဖို့ ဆုံးဖြတ်ထားကြတယ်လို့လည်း သူကဆိုပါသေးတယ်။

> "ထောင်ထဲမှာရောက်နေတဲ့ဆရာတော် ဦးဣန္ဒြိယရဲ့အဖေ အခုလက်ရှိဘုန်းဘုန်းက သက်တော်လည်း တော်တော်ကြီးပါပြီ။ သူလည်း အဖမ်းခံရတဲ့အထဲမှာပါခဲ့တယ်။ သက်တော်လည်း ၈၀ ကျော်ပြီ။ အဲဒီဆရာတော်ကြီးကတော့ လုံးဝရွှေ့မပေးဘူးလို့ပြောပါတယ်။ နောက်တခြားဘုန်းကြီး ၂ ပါးနဲ့ ကိုရင် ၆ ပါးကလည်း လုံးဝရွှေ့မပေးဘူးဆိုတဲ့ သဘောထားမျိုးရှိကြတယ်"

မင်္ဂလင်ကျောင်းက သံဃာတော်တွေကို ဖယ်ရှားပေးဖို့ အာဏာပိုင်တွေဘက်က ညွှန်ကြားခဲ့တဲ့အကြောင်း ဆရာတော်နဲ့နီးစပ်သူတဦး ပြောပြသွားတာပါ။ ပြီးခဲ့တဲ့လဆန်းပိုင်းက မင်္ဂလင်ကျောင်းကို ဝင်ရောက်စီးနင်း ဖမ်းဆီးမှုတွေ ပြီးခဲ့တဲ့နောက်ပိုင်း ကျောင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးထားတဲ့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေကိုလည်း အာဏာပိုင်တွေက ဖယ်ရှားခဲ့ပါတယ်။